# User Guide for Using Google Authenticator
# (Two Factor Authenticator)

# Myanmar TradeNet Member Account နှင့် Google Authenticator အား ချိတ်ဆက်ခြင်း

Trader အနေဖြင့် မိမိ၏ Myanmar TradeNet Member Account အား Google Authenticator ဖြင့် ပထမ ဦးဆုံး တစ်ကြိမ်ချိတ်ဆက်ရပါမည်။ မိမိ ၏ Account နှင့် Google Authenticator အား ချိတ်ဆက်ခြင်းကို အောက်ပါ အဆင့်များအတိုင်း ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

အဆင့် (၁)

- Trader အနေဖြင့် မိမိ၏ ဖုန်းတွင် Google Authenticator App အား ပုံ(၁) တွင် ပြထားသည့်အတိုင်း ပထမဦးဆုံး တစ်ကြိမ် Download ဆွဲ၍ ထည့်သွင်းထားရပါမည်။ Android ဖုန်းများအတွက် Google Authenticator App အား အောက်ပါ Link တွင် ဝင်ရောက်ရယူနိုင်ပါသည်။
  https://play.google.com/store/apps/details?id=com.google.android.apps.authenticator2&hl=en_US
  iOS ဖုန်းများအတွက် Google Authenticator App အား အောက်ပါ Link တွင် ဝင်ရောက်ရယူနိုင်ပါသည်။
  https://itunes.apple.com/us/app/google-authenticator/id388497605?mt=8




**Figure (1)**

အဆင့် (၂)

- Browser ၏ address bar တွင် အောက်ပါ URL အား ရိုက်ထည့်ရပါမည်။
  www.myanmartradenet.com
  ကျလာသော Page တွင် ပုံ(၂) တွင် ပြထားသည့်အတိုင်း TradeNet Member User Name နှင့် Password ရိုက်ထည့်၍ Login ဝင်ရပါမည်။




Figure (2)

အဆင့် (၃)

- Login ဝင် သည့်အချိန်တွင် ထည့်သွင်းလိုက်သော User Account နှင့် မိမိ ဖုန်းရှိ Google Authenticator App အား ချိတ်ဆက်ရန်အတွက် ပုံ(၃) တွင် ပြထားသည့်အတိုင်း Get Google Authenticator Link အား နှိပ်၍ ဝင်ရောက်ရပါမည်။




**Figure (3)**

အဆင့် (၄)

- ပုံ(၄) တွင်ပြထားသည့်အတိုင်း QR Code အား တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါ QR Code အား မိမိဖုန်းတွင် ထည့်သွင်းထားသော Google Authenticator App အား ဖွင့်၍ Scan ဖတ်ရပါမည်။ Scan ဖတ်ပြီးလျှင် ဖုန်းတွင် ထည့်သွင်းထားသော Google Authenticator App မှ Unique ဖြစ်သော One Time Password (၆) လုံးအား စက္ကန့် ၆၀ ပြည့်သွားတိုင်း တစ်ကြိမ် ပြောင်းလဲထုတ်ပေးပါမည်။ အဆိုပါ OTP password အား ပုံ(၄) တွင် ပြထားသော Verification Code နေရာတွင် ရိုက်ထည့်၍ Verify Button ကို နှိပ်ရပါမည်။ မိမိ၏ Member Account နှင့် ဖုန်းအတွင်းရှိ Google Authenticator App အား ချိတ်ဆက်ခြင်း အောင်မြင်ပါက ပုံ(၅) တွင် ပြထားသည့်အတိုင်း Successful Message အား တွေ့မြင်ရမည်ဖြစ်ပါသည်။




Figure (4)




Figure (5)

# သက်ဆိုင်ရာ Web Site များအား Google Authenticator App အသုံးပြု၍ Login ဝင်ခြင်း

Google Authenticator App ဖြင့် ချိတ်ဆက်ပြီးပါက မိမိ ဝင်ရောက်လိုသော Web Site အား ဝင်ရောက်နိုင်ပါမည်။

- Online မှ Import/Export လိုင်စင်ကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါ Link အား ပုံမှန်အတိုင်းဝင်ရောက်ရပါမည်။
  https://eservice.myanmartradenet.com

  ပုံ(၆) တွင်ပြထားသည့်အတိုင်း Login Page အား တွေ့မြင်ရမည်ဖြစ်ပါသည်။ User Name နှင့် Password ရိုက်ထည့်ပြီး Two Factor Authentication အတွက် ပုံပါအတိုင်း Google Authenticator App ကို ရွေးချယ်ရပါမည်။ ပြီးလျှင် ဖုန်းအတွင်းရှိ Google Authenticator မှ ထွက်ရှိသော ဂဏန်း (၆) လုံးပါ OTP Password အား ရိုက်ထည့်၍ Login ဝင်ရပါမည်။




Figure (6)

- Country Of Origin လျှောက်ထားခြင်း နှင့် ဆက်စပ်လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါ Link အား ပုံမှန်အတိုင်းဝင်ရောက်ရပါမည်။
https://onlineco.myanmartradenet.com/

ပုံ(၇) တွင်ပြထားသည့်အတိုင်း Login Page အား တွေ့မြင်ရမည်ဖြစ်ပါသည်။ User Name နှင့် Password ရိုက်ထည့်ပြီး Two Factor Authentication အတွက် ပုံပါအတိုင်း Google Authenticator App ကို ရွေးချယ်ရပါမည်။ ပြီးလျှင် ဖုန်းအတွင်းရှိ Google Authenticator မှ ထွက်ရှိသော ဂဏန်း (၆) လုံးပါ OTP Password အား ရိုက်ထည့်၍ Login ဝင်ရပါမည်။




Figure (7)

- MGMA Garment နှင့် ဆက်စပ်လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါ Link အား ပုံမှန်အတိုင်းဝင်ရောက်ရပါမည်။
  https://onlineco.myanmartradenet.com/

  ပုံ(၈) တွင်ပြထားသည့်အတိုင်း Login Page အား တွေ့မြင်ရမည်ဖြစ်ပါသည်။ User Name နှင့် Password ရိုက်ထည့်ပြီး Two Factor Authentication အတွက် ပုံပါအတိုင်း Google Authenticator App ကို ရွေးချယ်ရပါမည်။ ပြီးလျှင် ဖုန်းအတွင်းရှိ Google Authenticator မှ ထွက်ရှိသော ဂဏန်း (၆) လုံးပါ OTP Password အား ရိုက်ထည့်၍ Login ဝင်ရပါမည်။




**Figure (8)**

- အထက်တွင် ဖော်ပြထားသော အဆင့် (၁) မှ (၄) အား ပထမ ဦးဆုံး တစ်ကြိမ် Trader Account နှင့် Google Authenticator ချိတ်ဆက်ရန်အတွက်သာ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပြီး နောက်ပိုင်း သက်ဆိုင်ရာ Web Site များအား ဝင်ရောက်ရန်အတွက် အဆိုပါ အဆင့်များအား ပြုလုပ်ရန်မလိုအပ်ပါ။

## Google Authenticator App ထည့်သွင်းထားသော Mobile ဖုန်းပျောက်သွားပါက ပြုလုပ်ရမည့်နည်းလမ်း

- Google Authenticator App ထည့်သွင်းထားသော Trader ၏ Mobile ဖုန်းပျောက်သွားပါက MOC ရှိ Trader Member Account Register ပြုလုပ်ပေးသော ဌာနသို့သွားရောက်၍ Lock လုပ်ပေးရန် အကြောင်းကြားရပါမည်။ ဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူမှ ပျောက်သွားသော ဖုန်းအတွင်းရှိ Google Authenticator အား အသုံးမပြုနိုင်စေရန် Lock လုပ်ပေးပါမည်။ Moblie Phone အသစ်တွင် Google Authenticator App အား ထည့်သွင်းအသုံးပြုလိုပါက ဌာန သို့လာရောက်လျှောက်ထားရန် လိုအပ်ပြီး ဌာနမှ အဆိုပါ Trader Member Account အတွက် Password အသစ်ထုတ်ပေးပါမည်။ Password အသစ်ရရှိပြီးဆိုပါက Password အသစ်အား အသုံးပြု၍ အထက်တွင်ဖော်ပြထားသော အဆင့် (၁) မှ (၄) အတိုင်း ပြန်လည်ပြုလုပ်ရပါမည်။